## အမျိုးသားညီလာခံကမူတွေ ပြန်လည်သုံးသပ်ရေး စစ်အစိုးရငြင်းပယ်
## ၃ ဒီဇင်ဘာ ၂၀၀၇

အမျိုးသားညီလာခံမှာ မပါဝင်တဲ့ အဖွဲ့အစည်းတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာရေးအတွက် မူတွေကို ပြန်လည်သုံးသပ်ဖို့ အကြံပြုချက်တွေကို လက်မခံနိုင်တဲ့အကြောင်း စစ်အစိုးရ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ငြင်းဆိုလိုက်ပါတယ်။

နေပြည်တော်မှာကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒီလို အခြေခံမူတွေကို ပြန်လည်သုံးသပ်ဖို့ တောင်းဆိုချက်တွေဟာ လက်ရှိအခြေအနေနဲ့ မကိုက်ညီဘူးလို့ တုံ့ပြန်ပြောဆိုပါတယ်။ တကယ် လို့ ပြန်လည်သုံးသပ်မယ်၊ ပြုပြင်မယ်ဆိုရင် အမျိုးသားညီလာခံမှာ တက်ရောက်ခဲ့တဲ့ အစုအဖွဲ့တွေကလည်း သူတို့ မရခဲ့တဲ့ အဖွဲ့တွေကို ပြန်တောင်းဆိုလာနိုင်ပြီး ရှုပ်ထွေးမှုတွေ ဖြစ်လာနိုင်တယ်လို့ ပြောဆိုသွားပါတယ်။ ဒီလို စစ်အစိုး ရဘက်က ပြောဆိုလိုက်တာဟာ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက အဆိုပြုထားတဲ့ တိုင်းရင်းသားတွေ အပါအဝင် အဖွဲ့အစည်းအားလုံးပါဝင်ရေး အဆိုပြုချက်ကို စစ်အစိုးရက ပယ်ချလိုက်သလို ဖြစ်နေပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကတော့ ကုလသမဂ္ဂက အားလုံးပါဝင်ရေး အဆိုပြုချက်တွေဟာ သင့်တော်တဲ့ပြောဆိုချက်တွေလို့ မှတ်ယူတဲ့အကြောင်း ပြောဆိုပါတယ်။ အဲန်အယ်လ်ဒီအနေနဲ့ တွေ့ဆုံဆွေးနွေးရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်သာ အဓိကထားပြီး အချက် ၇ ချက်ပါ လမ်းပြအစီအစဉ်တွေနဲ့ပတ်သက်လို့ ပြောဆိုထားတာ မရှိသေးဘူးလို့ ပြောဆိုပါတယ်။

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုရဲ့ အတွင်းရေးမှူး၊ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ရဲ့ဥက္ကဋ္ဌ ခွန်ဉက္ကာကတော့ စစ်အစိုးရဘက်က ဒီလိုကြေညာလိုက်တာဟာ မြန်မာစစ်အစိုးရအနေနဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် တကယ်တမ်းဆန္ဒမရှိဘဲ ကမ္ဘာကိုလှည့်စားနေတယ်ဆိုတာ ပိုပြီးပေါ်လွင်သွားတယ်လို့ ပြောဆို ပါတယ်။